ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**National Community Driven Development Project**

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ဆိုဘောသဲကျေးရွာ ၊ နောင်ပုလဲကျေးရွာအုပ်စု

၂၀၁၇ ခုနှစ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ဆိုဘောသဲကျေးရွာ ၊ နောင်ပုလဲကျေးရွာအုပ်စု

### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ ........ ၁

နောင်ပုလဲကျေးရွာအုပ်စုမြေပုံ ........ ၂

နောင်ပုလဲကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း ........ ၃

ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ........ ၄

လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက် ........ ၄

ကျေးရွာသမိုင်းအကျဉ်းချုပ် ........ ၅

ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း ........ ၆

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက် ........ ၇

ကျား/မ ပင့်ကူအိမ် ........ ၈

ကျား/မ ပင့်ကူအိမ် သုံးသပ်ချက် ........ ၉

အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ ........ ၁၀

အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် ........ ၁၁

ရာသီခွင်ပြ ပြက္ခဒိန် ........ ၁၂

ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက် ........ ၁၃

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ ........ ၁၄

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ ........ ၁၅

ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1) ........ ၁၆

ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-2) ........ ၁၉


ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3) ........ ၂၀

ပုံစံ - ၄။ ကျေးရွာအုပ်စု စီမံကိန်း လုပ်ငန်းခွဲရွေးချယ်ခြင်း (PC-4) ........ ၂၃


ကျေးရွာအစည်းအဝေးမှတ်တမ်းများ ........ ၂၄

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ် ........ ၂၆

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ




# နောင်ပုလဲကျေးရွာအုပ်စုမြေပုံ



# နောင်ပုလဲကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | နောင်ပုလဲကျေးရွာ | ၇၃ | ၂၁၃ | ၁၇၆ | ၃၈၉ |
| ၂ | ဆိုဘောသဲကျေးရွာ | ၁၂၃ | ၃၂၃ | ၃၁၈ | ၆၄၁ |
| ၃ | လောစီကျေးရွာ | ၇၁ | ၂၀၄ | ၂၀၅ | ၄၀၉ |
| ၄ | (၄) မိုင် ယပ်ခူကျေးရွာ | ၈၃ | ၂၃၂ | ၂၅၀ | ၄၈၂ |
| ၅ | (၄) မိုင် မြေနီကုန်းကျေးရွာ | ၆၅ | ၁၇၃ | ၁၄၃ | ၃၁၆ |
| ၆ | (၄) မိုင် ကဖုကျေးရွာ | ၅၅ | ၁၉၁ | ၁၄၈ | ၃၃၉ |
| စုစုပေါင်း | | ၄၇၀ | ၁၂၄၀ | ၁၃၃၆ | ၂၅၇၆ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၃၆) + မ (၄၁) = (၇၇) ဦး*

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ဆိုဘောသဲကျေးရွာသည် ဒီးမော့ဆိုမြို့၏ (၃) မိုင်အကွာတွင် တည်ရှိပါသည်။ ဆိုဘောသဲကျေးရွာ သည် လွိုင်ကော်-တောင်ငူကားလမ်းမကြီးပေါ်တွင် တည်ရှိပြီး ဆိုဘောသဲကျေးရွာမှ (၁၂) မိုင်အကွာတွင် လွိုင်ကော်မြို့ တည်ရှိပါသည်။ ထိုကျေးရွာ၏ အရှေ့ဘက်တွင်နောင်ပုလဲကျေးရွာတည်ရှိပြီး အနောက်ဘက် တွင် လောစီကျေးရွာ တည်ရှိပါသည်။ နန်းစံဖူးချောင်းသည် ထိုရွာ၏မြောက်ဘက်တွင်စီးဆင်းလျှက်ရှိပြီး ရွာသူ/သား များ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်နှင့် မှီဝဲအသုံးပြုရန် အဓိကကျလှပါသည်။

ထိုကျေးရွာအရှေ့ဘက်နှင့် နောင်ပုလဲကျေးရွာစပ်ကြားတွင် ရေဝိုင်းတောင် တည်ရှိကာ ထိုနေရာတွင် ငါးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ရွာ၏ မြောက်ဘက်တွင်ကျေးရွာပိုင် လယ်ယာစိုက်ခင်း များကို စိမ်းလန်းစိုပြေစွာမြင်တွေ့နိုင်ပါသည်

ထိုကျေးရွာတွင် နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၊ ခန်းမဆောင်၊ အသင်းတော်အိမ်၊ မူကြိုကျောင်း နှင့် ဘောလုံးကွင်းစသည်တို့ရှိပါသည်။ ထို့ပြင် အုပ်စုကျေးလက်

ဆေးပေးခန်း၊ လူမှုရေးခန်းမဆောင် နှင့် လူငယ်စာကြည့်တိုက်တို့သည် မိန်းလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ထိုကျေးရွာ၏ အမက-ကျောင်း သည် လှိုင်ကော်-တောင်ငူလမ်းမကြီး၏ တောင်ဘက်တွင်တည်ရှိပါသည်။

ကျေးရွာတွင်းရှိလမ်းများသည် ကိုယ်ထူကိုယ်ထဖြင့် ပြုလုပ်ထားသော လမ်းများဖြစ်ပါသဖြင့် အချို့သောလမ်းများသည် မိုးတွင်းကာလတွင် သွားလာရေး ခက်ခဲနေသေးကြောင်း တွေ့ရှိရပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ကျေးရွာသမိုင်းအကျဉ်းချုပ်


ဆိုဘောသဲကျေးရွာသည် ကယားလူမျိုးများ နေထိုင်ကြသော ကျေးရွာဖြပ်ဟစ်ရာ ကယားဘာသာဖြင့် စာလုံးတစ်လုံးချင်းစီ၌ အဓိပ္ပါယ်ရှိပါသည်။ ၄င်းမှာ "ဆို" သည် တောင်၊ "ဘော" သည် နိုက်ယူခြင်း၊ "သဲ" သည် အသည်းနှလုံး စသည်ဖြင့် အဓိပ္ပါယ်ရှိသည်။ ဆိုဘောသဲ၏ အဓိပ္ပါယ်မှာ တောင်ရဲ့အသည်းနှလုံးကိုနိုက်ယူထုတ်ခြင်း ဖြစ်ပါသည်။

ရှေးယခင်၌ လားဆို(လှိုင်နန်းဖ)တောင်နှင့် တခိုးဆို တောင်တို့သည် အချင်းချင်းစစ်တိုက်ကြရာ အကြားတွင်ရှိသော တောင်ငယ်တစ်လုံးဖြစ်သော ဆိုအားခယ်လဲတောင်သည် ကြားမှနေ၍ ဂုံးတိုက်ပါဝင်ခဲ့ခြင်းကြောင့် တောင်ကြီးများသည် စိတ်ဆိုးပြီး ၄င်းတောင်၏ မေ့စေ့ကို ဖဲ့ပြီး သူ၏ အသဲနှလုံးကို ထုတ်ယူကာ သူ၏ခေါင်းပေါ်၌ တင်ထားခဲ့ခြင်းကို အစွဲပြုပြီး "ဆိုဘောသဲ" ဟုခေါ်ဆိုခြင်းဖြစ်ပါသည်။ ထိုနေရာသည် ယနေ့ယူဆမိုဆိုအရှေ့မြောက်ဘက်ခြမ်းတွင် တည်ရှိပါသည်။

ကရင်နီပြည်၊ နောင်ပုလဲစော်ဘွား ခွီးကေနဲ ကြီးစိုးချိန်(၁၉၀၀) ခန့်ဝန်းကျင်၌ ဆိုဘောသဲကျေးရွာသည် ယခုနေထိုင်သော ဆိုဘောသဲကျေးရွာ၏ တောင်ဖက် (၅)ဖာလုံအကွာခန့်တွင် တည်ရှိပါသည်။ ဆိုဘောသဲကျေးရွာ၏ ရွာသူကြီးမှာ ဦးငါးလီဖြစ်ပါသည်။ ကရင်နီ(ကယား) လူမျိုးများသည် ပွဲကျင်းပရေးနှင့် ပတ်သက်၍သော်၄င်း၊ ရာသီဥတုနှင့် ဝမ်းစာစိုက်ပျိုးရေးအတွက်သော်လည်းကောင်း သိရှိလိုကြသဖြင့် ရိုးရာဓလေ့ထုံး တစ်ခုဖြစ်သော ကြက်ရိုးထိုးခြင်း အမှုကို ပြုကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း



ဥစ္စာဓနစံသတ်မှတ်ချက်

ကျေးရွာ - ဆိုဘေသဲ     အုပ်စု - နောင်ပုလဲ     (13/12/2016)

ပါဝင်ဆွေးနွေးသူ - ကျား ( 36 ) + မ ( 41 ) = ( 77 ) ဦး

| အဆင့် | စံသတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| A | ဆန်စက် ၊ ကား ၊ လယ် (5ဧက) ၊ ယာ (5ဧက) လယ်ထွန်စက် ၊ ငါးကန် ၊ ဈေးဆိုင် ၊ ဝက်မွေး မြူရေး | 4 | 3% |
| B | ထော်လာဂျီ ၊ လယ် (3ဧက) ၊ ယာ (2ဧက) ၊ နွားလှည်း ~~မြင်းလှည်း~~ ဆိုင်ကယ် | 34 | 28% |
| C | လယ် (1ဧကခွဲ) ၊ ယာ (1ဧက) ၊ ဆိုင်ကယ် စက်ဘီး | 75 | 61% |
| D | လယ်မရှိ ၊ ယာမရှိ ၊ တစ်ရက်လုပ်တစ်ရက်စား | 10 | 8% |
| | | 123 | 100% |

ပါဝင်ဆွေးနွေးသူ - ကျား (၃၆) + မ (၄၁) = (၇၇) ဦး

ဆိုဘောသဲကျေးရွာ၏ စီးပွားရေးအခြေအနေအလိုက် အိမ်ထောင်စုများအား စံသတ်မှတ်ချက်ပြုလုပ်ရာတွင် အဆင့် (၄) ဆင့်ဖြင့် ခွဲခြားသတ်မှတ်ထားပါသည်။ အိမ်ထောင်စုပေါင်း (၁၂၃) အိမ်အနက် အဆင့် (အေ) ရှိသောအိမ်ထောင်စု (၄) စု၊ အဆင့် (ဘီ) ရှိသောအိမ်ထောင်စု (၃၄) စု၊ အဆင့် (စီ)ရှိသော အိမ်ထောင်စု (၇၅) စု နှင့် အဆင့် (ဒီ) တွင် အိမ်ထောင်စု (၁၀) စုခန့်ရှိသည်ဟု သတ်မှတ်ကြပါသည်။

(အေ) အဆင့်ပိုင်ဆိုင်မှုများမှာ ဆန်စက်၊ ကား၊ လယ် (၅) ဧက၊ ယာ (၅) ဧက၊ လယ်ထွန်စက်၊ ငါးကန်၊ ဈေးဆိုင်၊ ဝက်မွေးမြူရေး စသည်တို့ဖြစ်ပါသည်။ (ဘီ) အဆင့်တွင် ထော်လာဂျီ၊ လယ် (၃)ဧက၊ ယာ (၂) ဧက၊ နွားလှည်းနှင့် ဆိုင်ကယ် စသည်တို့ကို ပိုင်ဆိုင်ကြပါသည်။ (စီ) အဆင့်တွင် လယ် (၁.၅) ဧက၊ ယာ (၁) ဧက၊ ဆိုင်ကယ် နှင့်စက်ဘီးစသည်တို့ဖြစ်ပြီး ယခုနှစ်တွင် ထိုအဆင့်မှ (ဘီ) အဆင့်သို့ အိမ်ထောင်စုတစ်စုထပ်မံ တိုးတက်သွားပါသည်။ (ဒီ) အဆင့်ဟုသတ်မှတ်ထားသော အိမ်ထောင်စု (၁၀) မှာ လယ်မရှိ၊ ယာမရှိသဖြင့် နေ့စားလုပ်ခြင်းဖြင့်သာအသက်မွေးဝမ်းကျောင်းပြုရပြီး အခက်အခဲများစွာဖြင့် ရင်ဆိုင်နေရသောကြောင့် စီမံကိန်းအကောင်အထည်ဖော်ပါက ထိုသူတို့အား ပိုမိုအလေးပေးကာ အလုပ်အကိုင်အခွင့်အလမ်းပြင်ဆင်ပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးနိုင်ကြောင်း သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ကျား/မ ပင့်ကူအိမ်





*ပါဝင်ဆွေးနွေးသူ - ကျား (၃၆) + မ (၄၁) = (၇၇) ဦး*

ဆိုဘောသဲကျေးရွာရှိ အမျိုးသမီးများ၏ အခြေအနေကို ပိုမိုသဘောပေါက်နားလည်စေရန် အချက် (၈) ချက်ဖြင့် ဖော်ထုတ်ဆွေးနွေးစေခဲ့ရာတွင် ထိုကျေးရွာသည် အမြင်ပွင့်သောကျေးရွာတစ်ရွာဖြစ်ကာ အမျိုးသား-အမျိုးသမီးများသည် ပညာရေးအားပေးမှုတွင်ဖြစ်စေ၊ ဆုံးဖြတ်ချက်ချနိုင်မှုတွင်ဖြစ်စေ၊ စီမံခန့်ခွဲမှုတွင်ဖြစ်စေ၊ အလုပ်အကိုင်ရရှိမှု တွင်ဖြစ်စေ တန်းတူဖြစ်နေခြင်းသည် ထိုကျေးရွာ၏ အားသာချက်ဖြစ်ခြင်းနှင့် အမျိုးသား-အမျိုးသမီးကဏ္ဍဟု မခွဲခြားဘဲ အတူတကွပူးပေါင်းဆောင်ရွက်လေ့ရှိခြင်းကြောင့်ဖြစ်သည်။

ရိုးရာဓလေ့အရ အမျိုးသမီးများအနေဖြင့် အမွေရပိုင်ခွင့်တွင် အမျိုးသားများထက် အနည်းငယ် လျော့နည်းသော်လည်း အိမ်မှုကိစ္စပြုလုပ်ရာတွင် အမျိုးသမီးထုအနေဖြင့် ယနေ့ထိတိုင် မိမိတို့၏တစ်နေ့တာ အချိန်များစွာကို အသုံးပြုနေရသေးကြောင်း ဆွေးနွေးတင်ပြကြပါသည်။ ထို့ပြင် ဝင်ငွေရှာဖွေမှုအနေဖြင့် အမျိုးသားများထက် အနည်းငယ် လျော့နည်းနေခြင်းမှာ ကျေးရွာပြင်ပသို့သွားရောက်အလုပ်မလုပ်ကိုင်နိုင် သောကြောင့်ပင်ဖြစ်သည်။ ပင့်ကူအိမ်သုံးသပ်ချက်အနေဖြင့် ကျား-မတန်းတူကျနိုင်ရန် အနည်းသာလိုအပ်မည်ဖြစ်ကြောင်း သုံးသပ်ချက်တွင် တွေ့မြင်နိုင်ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

# အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ




ပါဝင်ဆွေးနွေးသူ - ကျား (၃၆) + မ (၄၁) = (၇၇) ဦး

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

ဆိုဘောသဲကျေးရွာတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုများကို သိရှိနိုင်စေရန် ဤပြုလုပ်ချက်ကို ဆွေးနွေးစေခဲ့ရာ ကျေးရွာတွင်းရှိ အဖွဲ့အစည်းပေါင်း (၁၁) ဖွဲ့နှင့်ပြင်ပရှိ အဖွဲ့အစည်း (၂) ဖွဲ့ ကို ဖော်ထုတ်ခဲ့ပါသည်။ ရွာတွင်းရှိ အဖွဲ့အစည်းများ အနက်ဩဇာလွှမ်းမိုးမှုအများဆုံးမှာ အုပ်ချုပ်ရေးအဖွဲ့၊ ဘာသာရေးအဖွဲ့ နှင့် လူငယ်အဖွဲ့ တို့ဖြစ်ပြီး သာရေးနာရေး၊ လူမှုရေးကိစ္စအဝဝကို လက်တွဲညီညီလုပ်ဆောင်လေ့ ရှိကြ သောကြောင့်ဖြစ်သည်။ ကျေးရွာတွင်းရှိ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့ နှင့်ကလေးသူငယ်အဖွဲ့ တို့သည် ဘာသာရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပါဝင်လှုပ်ရှားကြပါသည်။

အခြားအဖွဲ့များဖြစ်သော ကျန်းမာရေးကော်မတီ၊ သာရေးနာရေးကော်မတီ၊ ပညာရေးကော်မတီ၊ ငွေစုငွေချေးအဖွဲ့ နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့သည် အုပ်ချုပ်ရေးမှူး၏ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာလူထုနှင့် ချိတ်ဆက်လုပ်ဆောင်လျှက်ရှိပါသည်။ ကျေးရွာပြင်ပရှိဏာဗြ သည် အုပ်ချုပ်ရေးမှူးထံမှ တဆင့် ဘာသာရေးအဖွဲ့သို့ဖြစ်စေ၊ ဃီ သည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ပူးပေါင်းပြီးဖြစ်စေ စီမံကိန်းလုပ်ထုံး လုပ်နည်းများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

# ရာသီခွင်ပြ ပြက္ခဒိန်




ပါဝင်ဆွေးနွေးသူ - ကျား (၃၆) + မ (၄၁) = (၇၇) ဦး

## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ဆိုဘောသဲကျေးရွာရှိ ရွာသူရွာသားများသည် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး စိုက်ပျိုးသီးနှံများမှာ စပါး၊ မိုးမြေပဲ ၊ကြက်သွန် နှင့် ပြောင်းဖူးစသည်တို့ဖြစ်ပါသည်။ နွေစပါးကို ဖေဖော်ဝါရီလတွင် စိုက်ပျိုးကြပြီး မေလတွင်ပြန်လည်ရိတ်သိမ်းကြပါသည်။ ထို့နောက် ပြောင်းဖူး၊ မြေပဲတို့ကို ဇွန်လနှင့် ဇူလိုင်လတွင် စိုက်ပျိုးကာ နိုဝင်ဘာတွင်ပြန်လည်ရိတ်သိမ်းပြီး မိုးစပါးစိုက်ပျိုးခြင်းကို ဩဂုတ်တွင် အစိုက်များပြီး နိုဝင်ဘာလတွင်ပြန်လည်ရိတ်သိမ်းကြပါသည်။ ဒီဇင်ဘာလမှ မတ်လအထိကြက်သွန်စိုက်ပျိုးခြင်းလည်းရှိပါသည်။ တစ်နှစ်တာပတ်လုံးမှ ဇွန်လနှင့် ဒီဇင်ဘာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းပိုမိုလုပ်ကိုင်ကြသဖြင့် ကျေးရွာတွင် ပူးပေါင်းပါဝင်မှု၊ စည်းလုံးမှုနည်းပါးလှပါသည်။

ကျေးရွာတစ်ခုလုံး လူမျိုးတစ်မျိုးတည်း ဘာသာတစ်ခုတည်းကိုသာ ကိုးကွယ်ကြသဖြင့် ဘာသာရေး ဆိုင်ရာပွဲတော်များကို ဖေဖော်ဝါရီ၊ မတ်လနှင့် ဒီဇင်ဘာလ တို့တွင် ကျင်းပလေ့ရှိကြပါသည်။ စိုက်ပျိုးသီးနှံ ရောင်းချချိန်မှအပ ကျန်ကာလများသည် ဝင်ငွေ နည်းပါးသော အချိန်များဖြစ်သည်။ အလုပ်နည်းပါးသော အချိန်တွင် လူနည်းစုမှာ အခြားသို့ သွားရောက်ကာ လက်သမား၊ ပန်းရံလုပ်သားများသွားရောက် လုပ်ကိုင်ခြင်း၊ ယာဉ်မောင်း သွားခြင်း စသည်တို့ကိုလည်း လုပ်ကိုင်ကြပါသည်။

ကျေးရွာအနေဖြင့် ရာသီကူးပြောင်းချိန်တွင်ဖြစ်ပွားလေ့ရှိသောရောဂါများကို ဇန်နဝါရီ၊ မေ၊ စက်တင်ဘာ နှင့် အောက်တိုဘာတို့တွင် ခံစားရလေ့ရှိပါသည်။ (တုတ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှော စသည်ဖြင့်)၊ ထို့ပြင် ထိုကျေးရွာသည် ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြသဖြင့် မွေးမြူရေးရောဂါကျချိန်ဖြစ်သည့် မတ်လမှ ဇွန်လထိ နှင့် စက်တင်ဘာလ တို့တွင် ပိုမိုဂရုစိုက်ပြုစုကြရကြောင်း ဆွေးနွေးကြပါသည်။ ရွာတွင်းလမ်းများသည် မြေသားလမ်း ဖြစ်သည့်အတွက် မိုးတွင်းကာလတွင် သွားလာရန်ခက်ခဲပြီးဩဂုတ်နှင့် စက်တင်ဘာလ ကဲ့သို့ မိုးများလများတွင် ပိုမိုခက်ခဲကြောင်း တင်ပြကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

# ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

ကျေးရွာ ကော်မတီများ စာရင်း

ဆိုကောသဲ

ကျေးရွာ အုပ်စု - နောင်ပုလဲ

| စဉ် | ကော်မတီအမည် | အမည် | အသက် | ရာထူး | မှတ်ပုံတင်နံပါတ် | ဖုန်း | လက်မှတ် |
|---|---|---|---|---|---|---|---|
| | ဒီ/တောက်ဥအဌ | ဦးစောဖေးဒီဝါ | | ဥက္ကဌ | ၂/၁၃မဆန(နိုင်)၀၂၈၉၉၉ | 0978937280 | |
| | " | ဒေါ်ပုလဲရှု | | ဥက္ကဌ | ၂/၁၃မဆန(နိုင်)၀၁၂၆၁၅ | 09.32652668 | |
| | ဝယ်ယူရေး | ဦးမာကု | | ခေါင်းဆောင် | ၂/၁၃မဆန(နိုင်)၀၂၈၄၆၀ | ၀၉-၄၄၀၀၇၆၆၀၂ | |
| | " | ဒေါ်အယ်မှီဖေါ် | | အဖွဲ့ဝင် | ၂/၁၃မဆန(နိုင်)032663 | 09-452901880 | |
| | " | ဒေါ်နော်လူးမြာ | | " | ၂/၁၃မဆန(နိုင်)၀၅၈၀၀၇ | 09-452235668 | |
| | စောင့်ကြည့်ကြီးကြပ်ရေး | ဦးယိုနာ | | ခေါင်းဆောင် | ၂/၁၃မဆန(နိုင်)[illegible] | | |
| | " | ဦးဘူးရှယ် | | အဖွဲ့ဝင် | ၂/၁၃မဆန(နိုင်)၀၃၈၀၉၆ | | |
| | " | ဒေါ်ဒြူးလာ | | " | ၂/၁၃မဆန(နိုင်)၀၀၈၂၄၈ | | |
| | လည်ပတ်/ပြင်ထိန်း | ဦးဘူးဖါး | | ခေါင်းဆောင် | ၂/၁၃မဆန(နိုင်)၀၀၈၃၄၀ | | |
| | " | ဦးကိုဒါပို | | အဖွဲ့ဝင် | ၂/၁၃မဆန(နိုင်)၀၀၈၂၄၂ | 09.49773586 | |
| | " | ဒေါ်အုးမြာ | | " | ၂/၁၃မဆန(နိုင်)၀၃၅၇၁၁ | | |
| | အကြံပြုတိုင်ကြားရေး | ဦးထူးရဲ | | တာဝန်ခံ | ၂/၁၃မဆန(နိုင်)၀၀၈၃၃၈ | | |
| | " | ဒေါ်ခရစ္စတီးနာ | | " | ၂/၁၃မဆန(နိုင်)၀၀၈၁၅၃ | | |
| | စာရင်းထိန်း | စောလီးရှယ် | | အဖွဲ့ဝင် | ၂/၁၃မဆန(နိုင်)၀၄၂၀၆၂ | | |
| | " | နော်စေးဖေါ်ရှာ | | " | ၂/၁၃မဆန(နိုင်)၀၀၀၃၈၆ | 09-771734365 | |
| | စာရင်းကိုင် | ဦးပြည့်လိုဖေး | | စာရင်းကိုင် | ၂/၁၃မဆန(နိုင်)၀၅၇၉၆၅ | 09-784418041 | |
| | | | | | | | |
| | | | | | | | |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ   (PC-1)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့* Tablets *မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး မျိုး မင်း သန့် | | ဒေါ်ကေသီလှိုင် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | နောင်ပုလဲ | ဆိုဒေါကာ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | 123 | ဘာသာ (၁) ခရစ်ယာန် | 123 |
| လူမျိုးစု (၂) ဗမာ | 1 | ဘာသာ (၂) ဗုဒ္ဓ | 1 |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 323 | 318 |
| လူမျိုးစု (၁) ကယား | 322 | 318 |
| လူမျိုးစု (၂) ဗမာ | 1 | – |
| လူမျိုးစု (၃) ---------------------- | | |
| လူမျိုးစု (၄) ---------------------- | | |
| လူမျိုးစု (၅) ---------------------- | | |
| အိမ်ထောင်ဦးစီး | | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား [illegible] | ☑ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် စာကြည့်တိုက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---------------------------------

(၂) ---------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးလေစိုး

လက်မှတ် [signature] — နေ့စွဲ ၁၃/၁၁/၂၀၁၆

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ကေသီလှိုင်

လက်မှတ် [signature] — နေ့စွဲ ၁၃/၁၁/၂၀၁၆

# ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား   (PC-2)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား* (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေသီညိုင် | | | | | | | |
| နေ့စွဲ ၁၄-၁၂-၂၀၁၆ | | | | စက်ဝန်းအားအမှတ်ခြစ်ပါ □စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း ကယား | | မြို့နယ် ဒီးမော့ဆို | | ကျေးရွာအုပ်စု နော်ဝှူလဲ | | ကျေးရွာ ဆိုဘောသဲ | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၃-၁၂-၁၆ | ၁၃-၁၂-၁၆ | 36 | 41 | 77 | ကယား \| 77 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၄-၁၂-၁၆ | ၁၄-၁၂-၁၆ | 31 | 41 | 72 | ကယား \| 72 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀-၁-၁၇ | ၁၀-၁-၁၇ | 6 | 7 | 13 | ကယန်း \| 13 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |

# ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်* (Form PC 3)

*လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။*

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေသီလှိုင်

နေ့စွဲ ၁၃-၁၂-၂၀၁၆

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

| ပြည်နယ်/တိုင်း ကယား | ဒီးမော့ဆိုမြို့နယ် | ကျေးရွာအုပ်စု နောင်ပုလဲ | ကျေးရွာ ဆိုတောသဲ |
|---|---|---|---|

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အသိပညာဗဟုသုတနည်းပါးခြင်း | ၁ | ကျန်းမာရေးခက်ခဲ (ဆေးကုသစရိတ်မလုံလောက်) |
| ၂ | စီးပွားရေးခက်ခဲ (ကျန်းမာရေးအတွက်ငွေမပြည့်စုံ) | ၂ | ရွာတွင်းလမ်းမကောင်းခြင်း |
| ၃ | သောက်သုံးရေမလုံလောက်ခြင်း | ၃ | တံတား(ယင်းဆည်မြောင်းတံတား)မကောင်း |
| ၄ | ရွာတွင်းလမ်းသွားလာရေးခက်ခဲခြင်း | ၄ | သောက်သုံးရေမလောက်ငှခြင်း |
| ၅ | အများသုံးအိမ်သာမရှိ၍ အဆင်မပြေခြင်း | ၅ | စည်းဝေးအတွက်အိမ်သာအဆင်မပြေခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စီးပွားရေးကောင်းချင် | ၁ | စိုက်ပျိုးရေးစနစ်ရရှိချင် (ကိုယ်ပိုင်ခြံ) |
| ၂ | ပညာတတ်များ ပေါ်များလာစေရန် | ၂ | ရေလုံလောက်စွာရရှိချင် |
| ၃ | အများသုံးယင်လုံအိမ်သာများရှိချင် | ၃ | လမ်းကို ကျောက်ခင်းလမ်းဖြစ်စေချင် |
| ၄ | ရေလုံလောက်စွာရရှိစေချင် | ၄ | အများသုံးအိမ်သာဆောက်လုပ်ချင် |
| ၅ | လမ်းပိုမိုကောင်းမွန်ရန် | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ချောင်းရေသွယ်ယူခြင်း | ကျ + မ | | |
| ၂ | ရွာတွင်းလမ်းကျောက်ခင်းခြင်း | ကျ + မ | | |
| ၃ | အဝီစိတွင်း (၂) တွင်း | ကျ + မ | | |
| ၄ | အများသုံးအိမ်သာ (၂) ခန်းတွဲ | ကျ + မ | | |
| ၅ | | | | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးစနစ်သင်တန်း | မ | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦး စေးနိုင်ဂါး--- လက်မှတ် ---------- နေ့စွဲ ---၁၃-၁၂-၂၀၁၆---

## *နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ*

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ( ဆိုဘေသဲ )

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ရေပိုက်ဖြင့်ရေသွယ်တန်းခြင်း | ☑ မ<br>☑ များ | | |
| | ၂ | ကျောက်ချောလမ်း | ☑ မ<br>☑ များ | | |
| | ၃ | ရေသန့်တွင်းတူးဖော်ခြင်း | ☑ မ<br>☑ များ | | |
| | ၄ | ယင်လုံအိမ်သာဆောက်လုပ်ခြင်း | ☑ မ<br>☑ များ | | |
| | ၅ | | ☐ မ<br>☐ များ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာရရှိရေး | ☑ မ<br>☐ များ | | |
| | ၂ | | ☐ မ<br>☐ များ | | |
| | ၃ | | ☐ မ<br>☐ များ | | |
| | ၄ | | ☐ မ<br>☐ များ | | |
| | ၅ | | ☐ မ<br>☐ များ | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ<br>☐ များ | | |
| | ၂ | | ☐ မ<br>☐ များ | | |
| | ၃ | | ☐ မ<br>☐ များ | | |
| | ၄ | | ☐ မ<br>☐ များ | | |
| | ၅ | | ☐ မ<br>☐ များ | | |
| ပညာရေး | ၁ | | ☐ မ<br>☐ များ | | |
| | ၂ | | ☐ မ<br>☐ များ | | |
| | ၃ | | ☐ မ<br>☐ များ | | |

# ပုံစံ - ၄။ ကျေးရွာအုပ်စု စီမံကိန်း လုပ်ငန်းခွဲရွေးချယ်ခြင်း (PC-4)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)**

*လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။*

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ကေသီလှိုင် | |
| နေ့စွဲ ၁၀.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/~~တိုင်း~~ ကယား / မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု နောင်ယူလဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| နောင်ယူလဲ | ကျေးရွာ ဆုံးမဆောင် | 65'x38'x12' | ကျေးရွာလူထု | □ ကျား □ မ □ ကျား+ မ | ၁၇,၃၀၀,၀၀၀ | | - | - | ၁၇,၃၀၀,၀၀၀ |
| (၄)မိုင်မြေနီ လမ်း | ဂါလံ(၅၀၀၀) ဆံ့ ရေကန် + ရေပိုက် + ရေပုံး | (15'x10'x5.5') + (8'x4'x7') + (2"φ PVC 1870') + ဇင်ရှင်း+ပန့် | ✓ | □ ကျား □ မ □ ကျား+ မ | ၁၀၅၀၀၀၀၀ | | - | - | ၁၀,၅၀၀,၀၀၀ |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဒေါ်လော်လော လက်မှတ် [signature] ရက်စွဲ 16/1/17

ဦး ဖေလှမင်း [signature] 18/1/17

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### (၁၃-၁၂-၂၀၁၆) ရက်နေ့တွင် နောင်ပုလဲကျေးရွာအုပ်စု၊ ဆိုဘောသဲကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် အစည်းအဝေးမှတ်တမ်း

တက်ရောက်သူဦးရေ - ကျား (၃၆) + မ (၄၁) = (၇၇) ဦး

ရည်ရွယ်ချက် (၁) လူထုဗဟိုပြုစီမံကိန်း၏ ကျေးရွာဖွံ့ဖြိုးရေး အခြေခံသဘောတရားများ ရှင်းလင်းနိုင်ရန်

(၂) ကျေးရွာလူထုအား စီမံကိန်းစက်ဝန်း၊ စီမံကိန်းလုပ်ထုံးလုပ်နည်းများ၊ ဆောင်ရန်ရှောင်ရန်များကို သိရှိနားလည်စေရန်။

(၃) စီမံကိန်းနှင့်သက်ဆိုင်သောသူများကိုရှင်းပြနိုင်စေရန်။

(၄) စေတနာ့ဝန်ထမ်းရွေးချယ်နိုင်ရန်။

(၅) လူမှုဆန်းစစ်ချက်များပြုလုပ်နိုင်ရန်။

ပထမအကြိမ်အစည်းအဝေးကိုမစတင်မီ တက်ရောက်သူစာရင်းကို ကောက်ယူပြီး ည (၆:၃၀) နာရီတွင် စတင်ခဲ့ကြရာ ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသန့် မှ အဖွင့်အမှာစကား ပြောကြားခြင်း အစီအစဉ်ပင်ဖြစ်ပါသည်။ ထို့နောက် တာဝန်ကျဆရာမ ဒေါ်ကေသီလှိုင် မှ လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းကို အချက် (၁၅) ချက်ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တစ်ဆက် တည်းမှာပင် လူထုဗဟိုပြုစီမံကိန်းစက်ဝန်း (အပိုင်း ၆ ပိုင်း နှင့် အဆင့် ၁၄ ဆင့်) ကို ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြုလုပ်ရမည့် အစီအစဉ်အရ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း အစီအစဉ်ဖြစ်ပြီး ကျေးရွာအနေဖြင့် ယခင်ရွေးချယ်ထားပြီးသော စေတနာ့ဝန်ထမ်းကိုသာ ပြန်လည်အတည်ပြုသဖြင့် အသစ်ထပ်မံရွေးချယ်ရန် မလိုအပ်ချေ။ ထို့နောက် စီမံကိန်းနှင့် ပါဝင်ပတ်သက်သူများကို ဆက်လက်ရှင်းလင်း တင်ပြပေးခဲ့ပါသည်။

ထို့နောက် လူမှုဆန်းစစ်ချက်လုပ်ဆောင်ချက်များကို ကျေးရွာလူထုနှင့်အတူ ဆန်းစစ်ဖော်ထုတ်ခဲ့ကြရာတွင် ယခင်နှစ်ပြုလုပ်ခဲ့သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် စာအုပ်ကို မှီငြမ်းပြီး ဖြည့်စွက်အတည်ပြုခဲ့ကြပါသည်။ ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ချက်များမှာ - လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥတုစာရင်းချယ်ဝမှုသတ်မှတ်ချက်၊ ကျား-မရေးရာပိုင်ဆိုင်မှုနှင့် ထိမ်းချုပ်မှု၊ ရာသီခွင်ပြဇယားရေးဆွဲခြင်း၊ ပင့်ကူအိမ်သုံးသပ်ချက်နှင့် အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုအခြေပြဇယား စသည်တို့ပင်ဖြစ်ပါသည်။

ထိုအစီစဉ်များ အားလုံးပြီးနောက် ပထမအကြိမ် ကျေးရွာအစည်းအဝေးကို ည (၁၀:၂၀) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## (၁၅-၁၂-၂၀၁၆) ရက်နေ့တွင် နောင်ပုလဲကျေးရွာအုပ်စု၊ ဆိုဘောသဲကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း

တက်ရောက်သူဦးရေ - ကျား (၃၁) + မ (၄၁) = (၇၂) ဦး

ရည်ရွယ်ချက် (၁) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် ပြင်ဆင်ခြင်းနှင့်
(၂) ကျေးရွာကိုယ်စားလှယ်များနှင့် ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခြင်း။

ဒုတိယအကြိမ်အစည်းအဝေးမစတင်မီ တက်ရောက်သူစာရင်းကို ကောက်ယူပြီး နံနက် (၉:၃၀) နာရီတွင် စတင်ခဲ့ကြရာ ရှေးဦးစွာ ပထမအကြိမ် ကျေးရွာ အစည်းအဝေးတွင် ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ချက်များအား ကျေးရွာလူထုသို့ ပြန်လည်တင်ပြခြင်းဖြစ်ပါသည်။ ထို့နောက် တာဝန်ကျ ဆရာမ ဒေါ်ကေသီလှိုင်မှ အခက်အခဲ ပြဿနာစာရင်း၊ ဦးစားပေး မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အစီအစဉ်များစာရင်းကို ပြန်လည်ဖော်ထုတ် ဆွေးနွေးစေခဲ့ပါသည်။

ထို့နောက် လုပ်ငန်းရွေးချယ်အတည်ပြုခြင်းကို ကောင်းမွန်စွာ ရွေးချယ်နိုင်ရန် အကျိုးဝင်သော လုပ်ငန်း/ အကျိုးမဝင်သော လုပ်ငန်းများ ကိုရှင်းလင်းပြပေးခဲ့ပါသည်။ ထို့နောက် ဦးစားပေး အဆင့်သတ်မှတ်ခြင်းကို အတည်ပြုရွေးချယ်စေခဲ့ပါသည်။

ပြီးသည်နှင့် အကာအကွယ်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် လုပ်ငန်းဆောင်ရန် ရှောင်ရန်များကို ဆက်လက်ရှင်းပြပေးခဲ့ပါသည်။ ကော်မတီဝင်များ အပြောင်းအလဲမရှိသဖြင့် ပြန်လည်ဖွဲ့စည်းရန် မလိုအပ်ပါ။ ထို့နောက် အကြံပြုတိုင်ကြားရေး စနစ်ကို ရှင်းပြပြီး အစီအစဉ်များ အားလုံးပြီးနောက် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို မွန်းလွဲ (၂:၃၀) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Socila map/ Resources Map) | ၁၃-၁၂ ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များအားလုံး | ၃၆ | ၄၁ | ၇၇ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၁၃-၁၂ ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၃၆ | ၄၁ | ၇၇ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ (Access Mapping) | ၁၃-၁၂ ၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၃၆ | ၄၁ | ၇၇ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၁၃-၁၂ ၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၃၆ | ၄၁ | ၇၇ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၁၃-၁၂ ၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၃၆ | ၄၁ | ၇၇ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၁၃-၁၂ ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၃၆ | ၄၁ | ၇၇ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံးကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၁၅-၁၂ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၃၁ | ၄၁ | ၇၂ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျှော်မှန်းချက်များ (Village visions) | ၁၅-၁၂ ၂၀၁၇ | ကျေးရွာလူထု အားလုံး | ၃၁ | ၄၁ | ၇၂ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ (Village Approve Vision) | ၁၅-၁၂ ၂၀၁၇ | ရွာလူထု အားလုံး | ၃၁ | ၄၁ | ၇၂ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ (Village Object Vision) | ၁၅-၁၂ ၂၀၁၇ | ရွာလူထု အားလုံး | ၃၁ | ၄၁ | ၇၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ် (Village History) | | အမျိုးသမီး/သား၊ လူထုအားလုံး | | | | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များကို ဖော်ထုတ်ခြင်း |